# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

August 6 , 2025 Volume 93, Number 4


**၆. ၈.၂၀၂၅**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၄၄၆.၀၈ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၃၇.၃၆ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၈၂၆.၇၁ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၆၈.၈၉ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၂.၆၇ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၄.၃၅ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၁.၅၈ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၉၆.၅၁ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၄.၈၈ ကျပ် |


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်အလက်နှင့်
သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm


## ၄ လအတွင်း FDI ပမာဏ ကန်ဒေါ်လာ ၁၁၈ သန်းကျော်ရှိ




၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ဧပြီလကနေ ဇူလိုင်လအတွင်း ပြည်တွင်းမှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု(FDI)ပမာဏဟာအမေရိကန်ဒေါ်လာသန်း၁၁၈ ဒသမ ၆၉သန်း ဝင်ရောက်ထားတယ်လို့ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန(DICA)ရဲ့ အချက်အလက်တွေအရ သိရပါတယ်။

ဘဏ္ဍာနှစ်လေးလအတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လုပ်ငန်းအသစ် ၂၆ ခု ဝင်ရောက်ထားပြီး အဲဒီလုပ်ငန်းတွေရဲ့ ရင်းနှီးမြှုပ်နှံမှုပမာဏက အမေရိကန်ဒေါ်လာ ၁၀၆ ဒသမ ၂၉၁ သန်းဖြစ်ပါတယ်။ အလားတူရှိရင်းစွဲ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွေရဲ့ မတည်ငွေရင်းတိုးမြှင့်တဲ့ပမာဏက အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၄၀၈ သန်းရှိခဲ့တာပါ။ ကုန်ထုတ်လုပ်မှုကဏ္ဍမှာ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသစ် ၂၄ ခု၊ ရေနံနဲ့သဘာဝဓာတ်ငွေ့ကဏ္ဍမှာ ၁ ခုနဲ့ ဝန်ဆောင်မှုလုပ်ငန်းသစ် ၁ ခုတို့ ဝင်ရောက်ထားပြီး မွေးမြူရေးနဲ့စွမ်းအင်ကဏ္ဍတွေမှာ မတည်ငွေရင်းတိုးမြှင့်ထားတာ ဖြစ်ပါတယ်။


လေးလအတွင်း တရုတ်၊ စင်ကာပူနဲ့ထိုင်းနိုင်ငံတွေကဝင်ရောက်ရင်းနှီးမြှုပ်နှံလာတာဖြစ်တယ်လို့ DICA က သိရပါတယ်။

အခု၂၀၂၅ခုနှစ်ဧပြီလကုန်အထိ မြန်မာနိုင်ငံမှာရင်းနှီးမြှုပ်နှံထားတဲ့နိုင်ငံ၊ဒေသပေါင်း ၅၃ ခုရှိပြီး စင်ကာပူ၊တရုတ်နဲ့ ထိုင်းနိုင်ငံတွေက ရင်းနှီးမြှုပ်နှံမှုအများဆုံးပြုလုပ်နေတယ်လို့ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က သိရပါတယ်။

ပြည်တွင်းစီးပွားရေးကဏ္ဍ ၁၂ ခုရှိတဲ့အထဲ အများဆုံးရင်းနှီးမြှုပ်နှံထားတဲ့ကဏ္ဍတွေကတော့ စွမ်းအင်၊ ရေနံနှင့်သဘာဝဓာတ်ငွေ့နဲ့ ကုန်ထုတ်လုပ်မှုကဏ္ဍတွေဖြစ်ပါတယ်။

**Source :** https://onenewstvchannel.com/

## ပြောင်းဈေး ပြန်ကျလာ




ထိုင်းနိုင်ငံသို့ ပြောင်းတင်ပို့ခွင့်ရသည့် နောက်ဆုံးလဖြစ်သည့် ဩဂုတ်လတွင် ပြောင်းဈေးကျဆင်းလာကြောင်း သိရသည်။

ဩဂုတ်လကုန်မှစ၍ မြန်မာနိုင်ငံမှ ပြောင်းအခွန်မဲ့တင်သွင်းခြင်းကို ပိတ်သိမ်းမည်ဖြစ်ပြီး လက်ရှိ ထိုင်းဝယ်ယူဈေး ဆက်တိုက်ဈေးပေးနည်းလာခြင်းမှ တစ်ဆင့် မြန်မာပြည်ဘက်ကပါ ဈေးမရတော့ခြင်းဖြစ်ကြောင်း သုံးသပ်ထားကြသည်။

“ထိုင်းနိုင်ငံကိုအခွန်ကင်းလွတ်ခွင့်နဲ့ ပြောင်းတင်းပို့လို့ရမဲ့အချိန်က ဒီလနောက်ဆုံးပါ။ ထိုင်းက မြန်မာနိုင်ငံကိုပိတ်ပြီး အမေရိကန်က ပြောင်းကို ဩဂုတ်ကနေ စတင်တင်သွင်းမယ်လို့ သိရပါတယ်။

“အခုက ဈေးကျနေတယ် ဒေါ်လာဈေး အပြောင်းအလဲနဲ့မူဝါဒပေါ်လစီ ပြောင်းလာချိန်တွင်တော့ ဈေးပြောင်းလဲမှုရှိတယ်” ဟု ပြောင်းကုန်သည်တစ်ဦးက ပြောသည်။

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးကွက်မှာ ယခင်က ဇူလိုင်လ ၂၈ ရက်နေ့တွင် ပြောင်းတစ်ပိဿာကို ၁၆၉၀ ကျပ်ထိရှိခဲ့ပြီး လက်ရှိပြောင်း တစ်ပိဿာကို ၁၆၃၀ မှ ၁၆၅၀ ကျပ်အထိ ဈေးကျသွားကြောင်း တွေ့ရသည်။

ယင်းအပြင် ပြောင်း FOB ဈေးနှုန်းမှာ ၂၅၀ ဒေါ်လာ မှ ၂၆၀ ဒေါ်လာပတ်ဝန်းကျင်ဖြင့် ဈေးငြိမ်နေကြောင်း သိရသည်။

ထိုင်းနိုင်ငံ အခွန်ကင်းလွတ်ခွင့်ပြီးသွားပါက ဗီယက်နမ်နိုင်ငံအပြင် အခြားနိုင်ငံအနည်းငယ်နှင့် ပြည်တွင်းတွင် တိရစ္ဆာန်အစာချက်စက်ရုံများသို့ အဓိကအရောင်းအဝယ်ပြုလုပ်ရမည်ဖြစ်ကြောင်း ကုန်သည်အချို့ကပြောသည်။

သို့သော် အခြားနိုင်ငံများသို့ ပြောင်းရောင်းရာတွင် ငွေလွှဲခြင်းဆိုင်ရာပြဿနာများ ရှိနေခြင်းကြောင့် အခက်ခဲရှိသေးကြောင်း ကုန်သည်တချို့ထံက သိရသည်။

တောင်သူများအနေဖြင့်ယခုနှစ်မှာ သွင်းအားစုဈေးမြင့်တက်သည့်ဒဏ်ကို ကြံ့ကြံ့ခံ၍စိုက်ပျိုးခဲ့ကြခြင်းဖြစ်၍ စိုက်စရိတ်ယခင်နှစ်များထက် ပို၍ကုန်ကျခဲ့ကြောင်းလည်း သိရသည်။

ထိုင်းနိုင်ငံအနေဖြင့် ပြည်ပပြောင်းများကို တစ်နှစ်ပတ်လုံးဝယ်ယူခြင်းမရှိဘဲ အကောက်ခွန်ကင်းလွတ်ကာလဖြစ်သည့် နှစ်စဉ် ဖေဖော်ဝါရီလ ၁ ရက်နေ့မှ ဩဂုတ်လ ၃၁ အထိ ၇ လ ဝယ်ယူလျက်ရှိပြီး ယခု အခွန်ကင်းလွတ်ခွင့် တင်ပို့မှုကာလမှာလည်း ကုန်လုနီးပါးရှိနေပြီဖြစ်ကြောင်း သိရသည်။

နှစ်စဉ် ပြည်တွင်း၌ တစ်နှစ်လျှင် ပြောင်းတန်ချိန် နှစ် ဒသမ သုံးသန်းနှင့် နှစ်ဒသမ ခြောက်သန်းကြား ထွက်ရှိလျက်ရှိကြောင်း သိရသည်။

**Source:** https://htwettoe.com/

## ကရင်ပြည်နယ်အတွင်း ရေကြီးရေလျှံမှုကြောင့် မိုးစပါးစိုက်ဧက ၃ ထောင်ကျော်ပျက်စီး



ပြီးခဲ့သည့်ရက်ပိုင်းအတွင်းက မိုးသည်းထန်စွာရွာသွန်းပြီး မြစ်ရေမြင့်တက်ကာ ရေကြီးရေလျှံမှုကြောင့် ကရင်ပြည်နယ်အတွင်းရှိ မိုးစပါးစိုက်ဧက ၃,၄၄၉ ဧက ပျက်စီးခဲ့ကြောင်း သိရသည်။

ကရင်ပြည်နယ်အတွင်း၌ စိုက်ပျိုးပြီးမိုးစပါး ၁၉၁,၅၃၁ ဧကအနက် ၂၉,၃၄၉ ဧကမှာ ရေကြီးရေလျှံမှုဖြစ်ပွားစဉ် ရေဖုံးလွှမ်းခဲ့ရာမှ ဩဂုတ် ၄ ရက်အထိ ၁၁,၄၃၆ ဧက ရေပြန်ပေါ်ခဲ့ပြီး ၃,၄၄၉ ဧကမှာ ပျက်စီးခဲ့ကြောင်း သိရသည်။

ထို့ကြောင့် အချိန်မီ ပြန်လည်ကုစားထွန်ယက်စိုက်ပျိုးနိုင်ရန် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ဘားအံမြို့၊ အမှတ် (၈) ရပ်ကွက်၊ ကွင်းအမှတ် ၁၁၈၄၊ ထောင်ဝိကွင်း၊ဘားအံမြို့နယ်၊ ကော့လှိုက်ကျေးရွာ၊ ထန်းတပင်ကွင်း၊ ကွင်းအမှတ် ၁၂၀၇-က၊ ၁၂၀၇-ခ၊ ၁၂၀၈-က နှင့် ၁၂၀၈-ခ တို့တွင် ရေကြီးနစ်မြုပ်မိုးစပါးစိုက်ဧကများအနက် ထိခိုက်ပျက်စီးမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ထို့ပြင် ဘားအံမြို့နယ်၊ ကော့လှိုက်ကျေးရွာ ထန်းတပင်-ကော့လှိုက်-ဝင်းကျန်-ကရင် ဖာလင်ထုံးအိုင်လမ်းဘေးဝဲယာရှိ မိုးစပါးစိုက်ခင်းများ ရေကြီးရေလျှံမှုကြောင့် ယင်းလမ်းပိုင်းလမ်းပခုံးနှင့် လမ်းသားထိခိုက်မှုများ၊ ဘားအံမြို့နယ် ကော့ဒါန်းမယ်ကျေးရွာအဝင်လမ်းဘေးဝဲယာရှိ မိုးစပါးစိုက်ခင်းများ ထိခိုက်ပျက်စီးမှုနှင့် ယင်းလမ်းပိုင်းထိခိုက်မှု၊ လှိုင်ရွာ-ကော့သပုတ်-ကော့ဒါန်းမယ်-ကောထမလိန်းလမ်း သဘာဝဘေးကြောင့်ထိခိုက်ပျက်စီးမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**Source :** https://www.popularmyanmar.com/

## ဇလွန်မြို့နယ်၌ နာနတ်သီးများ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေ



ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ်မှ ဒေသထွက် နာနတ်သီးများ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း ဇလွန်မြို့နယ်မှ သစ်သီးမျိုးစုံရောင်းဝယ်ရေး လုပ်ငန်းလုပ်ကိုင်သူတစ်ဦးက ပြောသည်။

ဇလွန်မြို့နယ်၌ ဇူလိုင်လနောက်ဆုံးပတ်မှစ၍ နာနတ်သီးများ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း၊ တစ်ရက်လျှင် အလုံးရေ ၃၅,၀၀၀ မှ ၄၅,၀၀၀ အထိ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

"ဇလွန်မြို့နယ်ကနေထွက်ရှိတဲ့ နာနတ်သီးတွေအဝယ်လိုက်ပြီး အရောင်းအဝယ်ကောင်းလာပါတယ်။ နာနတ်သီးတွေက အရည်အသွေးလည်းကောင်းတဲ့အတွက် ဒေသဈေးကွက်နဲ့ တခြားဒေသ သီးနှံဈေးကွက်က ဝယ်လက်တွေက အဝယ်လိုက်နေ ပါတယ်။ ဒေသထွက်နာနတ်သီးတွေက ပိုးမွှားကင်းရှင်းပြီး အရည်အသွေးကောင်းမွန်ပါတယ်" ဟု ၎င်းကပြောသည်။

ဇလွန်မြို့နယ် ဒေသထွက် နာနတ်သီးများနှင့်တခြားကုန်စိမ်းများကို ဒေသဈေးကွက်အပြင် ပုသိမ်၊ ပန်းတနော်၊ ဟင်္သာတ စသည့်ဒေသများသို့လည်း တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

**Source :** https://www.myawady.net.mm/

## ကမ္ဘောဒီးယားနှင့်မလေးရှားတို့သည် EV ရင်းနှီးမြှုပ်နှံမှု ပူးပေါင်းဆောင်ရွက်



ကမ္ဘောဒီးယားနိုင်ငံနှင့်မလေးရှားနိုင်ငံတို့သည် လျှပ်စစ်ကား (EV) ကဏ္ဍတွင် ပူးပေါင်းရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများကို ရှာဖွေနေပြီး ကမ္ဘောဒီးယားရှိ EV အားသွင်း အခြေခံ အဆောက်အအုံများဖွံ့ဖြိုးတိုးတက်ရေးကို အဓိကထားလုပ်ဆောင်လျက်ရှိသည်။

တရုတ်နိုင်ငံ၊ ဟောင်ကောင်မြို့တွင်ကျင်းပသည့် World Asia Expo 2025 ၌ကျင်းပသည့် Battery Show Asia 2025 ဆွေးနွေးပွဲတွင် အဆိုပါအစီအစဉ်ကိုဆွေးနွေးခဲ့ခြင်းဖြစ်သည်။ ပူးပေါင်းရင်းနှီးမြှုပ်နှံမှု အဆိုပြုချက်ကို ကမ္ဘောဒီးယားကုန်သည်ကြီးများအသင်း (CCC) ၏ ဒုတိယဥက္ကဋ္ဌ Chang Chivinh ဦးဆောင်သော ကမ္ဘောဒီးယားစီးပွားရေးကိုယ်စားလှယ်အဖွဲ့နှင့် Malaysia External Trade Development Corporation (MATRADE) မှ အကြီးတန်း ဒါရိုက်တာ Jai Shankar Suppayah တို့က ဆွေးနွေးခဲ့ကြသည်။

CCC ၏အဆိုအရနှစ်ဖက်စလုံးသည် လျှပ်စစ်ကားနှင့် ဘက်ထရီစက်မှုလုပ်ငန်းဆိုင်ရာ ထိုးထွင်းအမြင်များကို ဖလှယ် ခဲ့ကြပြီး နှစ်နိုင်ငံလုံးအတွက် တိုးတက်မှုအလားအလာများကို ဆွေးနွေးတိုင်ပင်ခဲ့ကြသည်။ CCC သည် ကမ္ဘောဒီးယားအစိုးရ၏ ပံ့ပိုးကူညီမှုတစ်စိတ်တစ်ပိုင်းအနေဖြင့် အမျိုးသားအဝေးပြေးလမ်းမကြီးများတစ်လျှောက် EV အားသွင်းရုံများတည်ဆောက်ရာတွင် ရေှ့ပြေးရင်းနှီးမြှုပ်နှံမှုများကိုစဉ်းစားနေကြောင်း မှတ်ချက်ပြုခဲ့သည်။

CCC သည် မလေးရှားရင်းနှီးမြှုပ်နှံမှုများကို ကြိုဆိုကြောင်းနှင့် ကမ္ဘောဒီးယားဈေးကွက်သို့ဝင်ရောက်ရန် ရည်ရွယ်သည့် စီးပွားရေးဆိုင်ရာအဆိုပြုချက်များကို အဆင်ပြေချောမွေ့စေရန်နှင့် ပံ့ပိုးကူညီရန် Chivinh မှ ကတိပြုခဲ့ကြောင်း သိရသည်။

**Source: Khmer Times**

**DOCA**(ရန်ကုန်)

https://www.doca.gov.mm/

## ၂ နှစ်အတွင်း လုပ်ငန်းအသစ် ၅,၀၀၀ ကျော် တည်ထောင်နိုင်ခဲ့သည့် ကမ္ဘောဒီးယား



ကမ္ဘောဒီးယားရှိ စက်ရုံအလုပ်ရုံများနှင့် လုပ်ငန်းအရေအတွက်သည် ၂ နှစ်အတွင်း ၅,၀၀၀ ကျော် သို့မဟုတ် ၁၃ ရာခိုင်နှုန်းကျော်တိုးလာကြောင်း အလုပ်သမားနှင့်အသက်မွေးဝမ်းကျောင်း လေ့ကျင့်ရေးဝန်ကြီးဌာန (MLVT) ၏ ၁၆-၇-၂၀၂၅ ရက်နေ့က ထုတ်ပြန်သည့်အစီရင်ခံစာအရ သိရသည်။

တိုးတက်မှုသည် ကမ္ဘောဒီးယားစီးပွားရေး၏ ခိုင်မာမှုနှင့် တော်ဝင်အစိုးရအား ပြည်တွင်းနှင့် နိုင်ငံတကာရင်းနှီးမြှုပ်နှံသူများ၏ ယုံကြည်မှုကိုတိုးလာစေခဲ့သည်။ အစီရင်ခံစာအရ ကမ္ဘောဒီးယားရှိစက်ရုံနှင့်လုပ်ငန်းအရေအတွက်သည် ၂၀၂၃ ခုနှစ်၊ ဩဂုတ်လမှ ၂၀၂၅ ခုနှစ် ဇွန်လအထိ ၂၂ လ တာကာလအတွင်း ၅,၃၅၆ ခု တိုးတက်လာခဲ့သည်။ ၂၀၂၅ ခုနှစ် ပထမနှစ်ဝက်အတွင်း ဝန်ကြီးဌာနတွင် မှတ်ပုံတင်ထားသော လုပ်ငန်းအရေအတွက်သည် ၂၀၂၄ ခုနှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၅၈၅ ခု တိုးလာကာ လုပ်ငန်းပေါင်း ၄၄,၇၉၈ ခု ရှိခဲ့သည်။

MLVT မှပြောရေးဆိုခွင့်ရှိသူ Sun Mesa က စက်ရုံအလုပ်ရုံများနှင့် လုပ်ငန်းအရေအတွက်တိုးလာမှုသည် ကမ္ဘောဒီးယားစီးပွားရေး၏ခိုင်မာမှုနှင့် ဝန်ကြီးချုပ် Hun Manet ဦးဆောင်သော တော်ဝင်အစိုးရတွင် ပြည်တွင်းနှင့် အထူးသဖြင့် နိုင်ငံတကာ

ရင်းနှီးမြှုပ်နှံသူများ၏ယုံကြည်မှုအတွက်သက်သေပြချက်ဖြစ်ကြောင်းနှင့် MLVT သည်ကောင်းမွန်သော ရင်းနှီးမြှုပ်နှံမှု ပတ်ဝန်းကျင်ကို စဉ်ဆက်မပြတ် ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့ကြောင်း ၎င်းက မှတ်ချက်ပြုခဲ့သည်။ ၎င်းတွင် ရင်းနှီးမြှုပ်နှံသူများ၏ လိုအပ်ချက်များနှင့် ကိုက်ညီပြီး ကုန်ထုတ် စွမ်းအားတိုးမြင့်စေသည့် ကျွမ်းကျင်လုပ်သားအင်အားကိုတည်ဆောက်ရန် နိုင်ငံသားများအား နည်းပညာဆိုင်ရာ ကျွမ်းကျင်မှုဆိုင်ရာ လေ့ကျင့်ပေးခြင်းများ ပါဝင်သည်။

ကမ္ဘောဒီးယား၏ ထုတ်လုပ်မှုနှင့် ပို့ကုန်စွမ်းရည်နှင့်အတူ ရင်းနှီးမြှုပ်နှံမှုများ အထူးသဖြင့်နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု (FDI) သည် တဖြည်းဖြည်းတိုးတက်လာခဲ့ပြီး အဆိုပါတိုးတက်မှုများသည် ကမ္ဘောဒီးယားနိုင်ငံ၏ စီးပွားရေးပြန်လည်ဦးမော့လာစေရန် အထောက်အကူဖြစ်စေခဲ့ကာ တိုးတက်မှုနှုန်းမှာ ၂၀၂၅ ခုနှစ်တွင် ၅ ရာခိုင်နှုန်းနှင့် ၂၀၂၆ ခုနှစ်တွင် ခန့်မှန်းခြေအားဖြင့် ၆ ရာခိုင်နှုန်းအထိရှိမည်ဟု ခန့်မှန်းထားသည်။ ကမ္ဘောဒီးယားနိုင်ငံ အကောက်ခွန်နှင့် ကုန်စည် စီးဆင်းမှု ဦးစီးဌာန (GDCE) ၏ အစီရင်ခံစာအရ ကမ္ဘောဒီးယားနိုင်ငံ၏ အထည်ချုပ်၊ ဖိနပ်နှင့် ခရီးသွားထုတ်ကုန်များ (GFT) သည် ၂၀၂၅ ခုနှစ် ပထမ နှစ်ဝက်တွင် ကန်ဒေါ်လာ ၇ ဒသမ၃၈ ဘီလီယံဖိုး တင်ပို့ခဲ့ပြီး ယခင်နှစ် အလားတူကာလကဖော်ပြခဲ့သည့် ကန်ဒေါ်လာ ၆ ဒသမ ၀၂ ဘီလီယံ ထက် ၂၂ ရာခိုင်နှုန်း မြင့်တက်ခဲ့သည်။

ဇန်နဝါရီမှဇွန်လအတွင်းအထည်ချုပ်ထုတ်ကုန်များသည်ကန်ဒေါ်လာ ၅,၂၈၃ သန်းရှိပြီးတစ်နှစ်ထက်တစ်နှစ် ၂၂ ရာခိုင်နှုန်း တိုးလာသည်ဟု အစီရင်ခံစာတွင် ဖော်ပြထားကြောင်း သိရသည်။

**Source: Khmer Times**

**DOCA(**ရန်ကုန်)

https://www.doca.gov.mm/

## အိန္ဒိယနိုင်ငံတွင် ယခုနှစ် ခါရစ်(မိုး)စိုက်ပျိုးရာသီတွင် ပဲစင်းငုံစိုက်ပျိုးဧရိယာ ၈ ရာခိုင်နှုန်းခန့်ကျဆင်း

အိန္ဒိယနိုင်ငံတွင် ယခုနှစ် ခါရစ်(မိုး)စိုက်ပျိုးရာသီတွင် ပဲစင်းငုံစိုက်ပျိုးဧရိယာသည် အထူးသဖြင့် Karnataka ပြည်နယ်၊ Maharashtra ပြည်နယ်နှင့် Gujarat ပြည်နယ်တို့တွင် စိုက်ဧရိယာကျဆင်းမှုကြောင့် ယခင်နှစ်အဆင့်ထက် နောက်ကျကျန်ခဲ့ကြောင်း၊ အဆိုပါပြည်နယ်များရှိ တောင်သူအချို့သည် ပြောင်း၊ ဝါဂွမ်းနှင့်ဆီထွက်သီးနှံများကဲ့သို့ အခြားဝင်ငွေကောင်းသော သီးနှံများသို့ ပြောင်းလဲစိုက်ပျိုးခဲ့ကြကြောင်းသိရသည်။

သို့ရာတွင် Telangana ပြည်နယ်တွင်မူ ယခုနှစ် ပဲစင်းငုံစိုက်ပျိုးဧရိယာတိုးတက်လာကြောင်း The Hindu Businessline သတင်းဌာနက ယခုလ ၂၉ ရက်က ဖော်ပြသည်။

လက်ရှိအချိန်အထိ ပဲစင်းငုံစိုက်ပျိုးဧရိယာ ၈ ရာခိုင်နှုန်းခန့်ကျဆင်းခဲ့ကြောင်း သိရသည်။ ဇူလိုင်လ ၂၅ ရက်နေ့အထိ ဟက်တာ ၃၄ ဒသမ ၉၀ သိန်း(၃ ဒသမ ၄၉ သန်း ဟက်တာ)ခန့်စိုက်ပျိုးထားပြီး ယခင်နှစ်အလားတူကာလက ဟက်တာ ၃၇ ဒသမ ၉၉ သိန်း(၃ ဒသမ ၇၉၉ သန်း ဟက်တာ)စိုက်ပျိုးထားရှိခဲ့ကြောင်း သိရသည်။

ပုံမှန်အတိုင်းဆိုပါက ဟက်တာ ၄၄ ဒသမ ၇၁ သိန်း(၄.၄၇၁ သန်းဟက်တာ)စိုက်ပျိုးနိုင်ကြောင်း အိန္ဒိယစိုက်ပျိုးရေးဝန်ကြီးဌာန၏အဆိုအရ သိရသည်။

ဇူလိုင်လ ၂၅ ရက်နေ့အထိ Karnataka ပြည်နယ်၏ ပဲစင်းငုံစိုက်ပျိုးဧရိယာသည် ဟက်တာ ၁၃ ဒသမ ၀၁ သိန်း(၁ ဒသမ ၃၀၁ သန်း ဟက်တာ)(ယခင်က ဟက်တာ ၁၅ ဒသမ ၄၂ သိန်း)ရှိကြောင်း သိရသည်။

အဆိုပါပြည်နယ်သည် ဟက်တာ ၁၆ ဒသမ ၈၀ သိန်း (၁ ဒသမ ၆၈ သန်း ဟက်တာ)စိုက်ပျိုးရန် ပန်းတိုင်ရည်မှန်းချက်ထားခဲ့ကြောင်း သိရသည်။

ပဲစင်းငုံအများဆုံးထုတ်လုပ်သည့် Kalaburagi ခရိုင်တွင် ဧရိယာဟက်တာ ၅ ဒသမ ၃၅ သိန်း(၅၃၅,၀၀၀ ဟက်တာ) ရှိခဲ့ကြောင်းသိရသည်။

စိုက်ပျိုးခြင်းလုပ်ငန်းများ ဆက်လက်လုပ်ဆောင်နေဆဲဖြစ်သဖြင့် အဆိုပါဧရိယာသည် ဟက်တာ ၆ သိန်း ဝန်းကျင်အထိ ထပ်မံတိုးမြင့်လာနိုင်ကြောင်း သတင်းရင်းမြစ်များက ပြောကြားခဲ့သည်။

ပဲစင်းငုံဈေးနှုန်း နိမ့်ကျနေခြင်းကြောင့် တောင်သူအချို့သည် ပြောင်း၊ ဝါဂွမ်းနှင့် ကြံသီးနှံများသို့ ပြောင်းလဲစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

Kalaburagi ခရိုင်ရှိ Karnataka Pradesh Red Gram Growers Association ဥက္ကဋ္ဌ Basavaraj Ingin က ဈေးကွက်ပေါက်ဈေးကျဆင်းမှုကြောင့် ယခုနှစ်တွင် စိုက်ပျိုးဧရိယာလျော့နည်းနိုင်ကြောင်း ပြောကြားခဲ့သည်။

ပဲစင်းငုံဈေးနှုန်းများသည် Kalaburagi ခရိုင်တွင် ၁ ကွင်တယ်(၁၀၀ ကီလိုဂရမ်)လျှင် ရူပီး ၅,၃၀၀-၆,၇၀၀ ဝန်းကျင်တွင်ရှိနေပြီးအနည်းဆုံးပံ့ပိုးဈေးနှုန်း(Minimum support price-MSP) ရူပီး ၈,၀၀၀ အောက်များစွာနိမ့်ကျလျက်ရှိကြောင်း တွေ့ရသည်။

ပြည်ပမှ ပဲစင်းငုံအများအပြားတင်သွင်းမှုကြောင့် ပြည်တွင်းဈေးနှုန်းများအပေါ် ဖိအားဖြစ်ပေါ်လျက်ရှိသည်ကို တွေ့မြင်ရပြီး အိန္ဒိယအစိုးရသည် ပဲစင်းငုံအကောက်ခွန်မဲ့တင်သွင်းမှုကို ၂၀၂၆ ခုနှစ် မတ်လ ၃၁ ရက်နေ့အထိ သက်တမ်းတိုးမြှင့်ခဲ့ကြောင်း သိရသည်။

အလားတူပင် Maharashtra ပြည်နယ်တွင် ပဲစင်းငုံစိုက်ပျိုးဧရိယာသည် ယခင်နှစ်ထက် အနည်းငယ်နိမ့်ကျလျက်ရှိကြောင်း တွေ့ရှိရသည်။ ဇူလိုင်လ ၂၁ ရက်နေ့အထိ အဆိုပါပြည်နယ်တွင် ပဲစင်းငုံစိုက်ပျိုးဧရိယာဟက်တာ ၁၁ ဒသမ ၄၄ သိန်း (ယခင်က ဟက်တာ ၁၁ ဒသမ ၆၀ သိန်း)ရှိကြောင်း သိရသည်။

ထို့ပြင် Gujarat ပြည်နယ်တွင်လည်း ဇူလိုင်လ ၂၈ ရက်နေ့အထိ ပဲစင်းငုံစိုက်ပျိုးဧရိယာသည် ဟက်တာ ၁ ဒသမ ၅၅ သိန်း(ယခင်က ဟက်တာ ၁ ဒသမ ၉၆ သိန်း) ဖြင့် နိမ့်ကျနေခဲ့ကြောင်းတွေ့ရှိရသည်။

Andhra Pradesh ပြည်နယ်တွင်လည်း ဇူလိုင်လ ၂၃ ရက်နေ့အထိ ပဲစင်းငုံစိုက်ပျိုးဧရိယာသည် ၆၈,၀၀၀ ဟက်တာ (ယခင်က ၈၂,၀၀၀ ဟက်တာ)အသီးသီးရှိခဲ့ကြောင်း သိရသည်။

တစ်ခုတည်းသောခြွင်းချက်မှာ Telangana ပြည်နယ်ဖြစ်ပြီး ယခုနှစ်တွင် တောင်သူများသည် ပဲစင်းငုံစိုက်ပျိုးဧရိယာကို တိုးမြှင့်ခဲ့ကြကြောင်း တွေ့ရသည်။

ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန၏ နောက်ဆုံးရရှိသော အချက်အလက်များအရ ဇူလိုင်လ ၂၃ ရက်နေ့အထိ ပဲမျိုးရင်းဝင်သီးနှံစိုက်ပျိုးဧရိယာသည် ဟက်တာ ၄ ဒသမ ၂၁ သိန်း (ယခင်က ဟက်တာ ၃ ဒသမ ၆၅ သိန်း)ရှိခဲ့ကြောင်း သိရသည်။

"တောင်သူအချို့က ပြောင်းဖူးလိုမျိုးဝင်ငွေကောင်းတဲ့သီးနှံတွေဘက်ကို ပြောင်းလဲစိုက်ပျိုးနေတာတွေ့ရတဲ့အတွက် ဒီနှစ်မှာ ပဲစင်းငုံစိုက်ပျိုးဧရိယာဟာ ၅-၁၀ ရာခိုင် နှုန်းလောက်ကျဆင်းနိုင်ပါတယ်"ဟု Latur မြို့မှ စက်ပိုင်ရှင် Nitin Kalantri က ပြောကြားခဲ့သည်။

"ပဲစင်းငုံဈေးနှုန်းတွေဟာ ပေါ်များတဲ့ရောင်းလိုအားအခြေအနေကြောင့် မနှစ်ကနဲ့ယှဉ်ရင် ၄၀ ရာခိုင်နှုန်းလောက်ကျဆင်းနေပါတယ်။ ဒီနှစ်မှာ စိုက်ဧရိယာကျဆင်းပါလိမ့်မယ်" ဟု iGrain India မှ Rahul Chauhan က ပြောကြားခဲ့သည်။

အိန္ဒိယနိုင်ငံ၏ ပဲစင်းငုံတင်သွင်းမှုသည် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း တန်ချိန် ၁၂ ဒသမ ၂၃ သိန်းအထိ မြင့်တက်ခဲ့ပြီး ယခင်နှစ်က တန်ချိန် ၇ ဒသမ ၇၁ သိန်းသာရှိခဲ့ကြောင်း သိရသည်။

**Source: The Hindu Businessline, Indian pigeonpea area down 8% so far as farmers eye other crops in key producing States, July 29, 2025**

**(ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး၊ ကော်လ်ကတ္တားမြို့)**

https://myantrade.gov.mm/

# STOCK EXCHANGE (6.8.2025)

YANGON STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 21st Jul. 2025

### Total Trading [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 3,197 (Shares) | 7,227,200 (MMK) |

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 6,900 | -200 | -2.82% | 6,900 | 6,900 | 6,900 | 42 | 289,800 | 33,109,694 | 228,457 |
| MTSH | 00002 | 3,300 | -50 | -1.49% | 3,350 | 3,350 | 3,300 | 514 | 1,696,400 | 38,929,150 | 128,466 |
| MCB | 00003 | 7,600 | +100 | +1.33% | 7,600 | 7,600 | 7,600 | 1 | 7,600 | 10,400,986 | 79,048 |
| FPB | 00004 | 2,000 | +0 | +0.00% | 2,000 | 2,000 | 2,000 | 0 | 0 | 29,664,613 | 59,329 |
| TMH | 00005 | 2,650 | +50 | +1.92% | 2,650 | 2,650 | 2,650 | 570 | 1,510,500 | 12,823,224 | 33,982 |
| EFR | 00006 | 1,700 | +100 | +6.25% | 1,600 | 1,700 | 1,600 | 1,918 | 3,168,800 | 19,977,223 | 33,961 |
| AMATA | 00007 | 3,650 | +50 | +1.39% | 3,650 | 3,650 | 3,650 | 150 | 547,500 | 10,497,598 | 38,316 |
| MAEX | 00008 | 3,300 | +0 | +0.00% | 3,300 | 3,300 | 3,300 | 2 | 6,600 | 23,804,946 | 78,556 |

YANGON STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary


## Market summary

As of 21st Jul. 2025

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 360.58 | -2.31 | -0.64% | 362.89 | 363.78 | 359.24 | 3,197 | 7,227,200 | 8 | 680,115 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 21st Jul. 2025

| Trading Volume | Trading Value |
|---|---|
| 3,197 (Shares) | 7,227,200 (MMK) |

## Main Board

As of 1:00 pm, 21st Jul. 2025

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 3,197 (Shares) | 7,227,200 (MMK) |

| MYANPIX | 360.58 ▼ 2.31 |
|---|---|
| Total Volume (shares) | 3,197 |
| Total Value (MMK) | 7 mil |
| Listed Company | 8 |
| Market Cap. (MMK) | 680,115 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 6,900 | ▼ 200 |
| MTSH | 00002 | 3,300 | ▼ 50 |
| MCB | 00003 | 7,600 | ▲ 100 |
| FPB | 00004 | 2,000 | ▲ 0 |
| TMH | 00005 | 2,650 | ▲ 50 |
| EFR | 00006 | 1,700 | ▲ 100 |
| AMATA | 00007 | 3,650 | ▲ 50 |
| MAEX | 00008 | 3,300 | ▲ 0 |